## ဓမ္မခန္ဓာ (၃၂) “နာခံပုံအပ်ခြင်း” (အလ် ဆစ်ဂ်ဒါ)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၇၅။ သုတ်ဒေသနာ– အပါး ၃၀။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَــنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။<br>☆ ၂း၁ | **الم**۞<br>အလက်ဖ်၊လမ်၊မင်☆ |
| ၂။ | **تَنزِيلُ الْكِتَابِ لَا رَيْبَ فِيهِ مِن رَّبِّ الْعَالَمِينَ**۞<br>သံသယဖြစ်ဘွယ် အလျဉ်း မရှိသော ဤကျမ်းတော်ကို လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးတော်မူ၏။ |
| ၃။ | **أَمْ يَقُولُونَ افْتَرَاهُ بَلْ هُوَ الْحَقُّ مِن رَّبِّكَ لِتُنذِرَ قَوْمًا مَّا أَتَاهُم مِّن نَّذِيرٍ مِّن قَبْلِكَ لَعَلَّهُمْ يَهْتَدُونَ**۞<br>လုပ်ကြံဖန်တီးချက်ဟု ဆိုကြသလော၊ အမှန်မှာ သင့်မတိုင်မီ သတိဖေါ်ပေးသူ မရောက်ရှိသေးသော လူမျိုးအတွက် သင့် ကံကြမ္မာရှင်ထံမှ  သတိပေးတရားတော် ဖြစ်သည့် ၎င်းသည် ပရမတ္ထသစ္စာဖြစ်၏။ သူတို့ လမ်းညွှန်မှန် ရနိုင်ကောင်း၏။ |
| ၄။<br>☆<br>၁၀း၃ | **اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ مَا لَكُم مِّن دُونِهِ مِن وَلِيٍّ وَلَا شَفِيعٍ أَفَلَا تَتَذَكَّرُونَ**۞<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြားရှိ အရာများကို ကာလခြောက်ခုဖြင့် ဖြစ်တည်စေသော အရှင် ဖြစ်၏။ ထို့နောက် ထပ်ဆင့်ကွပ်ကဲမှုပို ပုံပေါ်စေ၏။☆ သင်တို့အတွက် အရှင်အား တုပြိုင်၍ ကွပ်ကဲပေးသူ၊ အမျှဝေပေး နိုင်သူ မရှိပြီ။ သတိတရားရကြမည် မဟုတ်လော။ |
| ၅။ | **يُدَبِّرُ الْأَمْرَ مِنَ السَّمَاءِ إِلَى الْأَرْضِ ثُمَّ يَعْرُجُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ أَلْفَ سَنَةٍ مِّمَّا تَعُدُّونَ**۞<br>အရှင်သည် မိုးများမှ မြေကမ္ဘာတိုင် စီမံချက်များကို လောကဓမ္မ ဖြစ်စေ၏။ တဖန် ၎င်းမှာ အရှင့်ထံတော်သို့ နေ့ချင်းပြန်ရ၍ ယင်းမှာ သင်တို့၏ တွက်ချက်မှု စည်းချိန်အရ နှစ်ပေါင်းထောင်ချီ၍ ဖြစ်၏။ |
| ၆။ | **ذَلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ**۞<br>ဤသို့ အရှင်သည် စကြွာလွန်နှင့် မျက်မှောက်သက်သေများကို သိနေသော ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၇။ | **الَّذِي أَحْسَنَ كُلَّ شَيْءٍ خَلَقَهُ وَبَدَأَ خَلْقَ الْإِنسَانِ مِن طِينٍ**۞<br>အရှင်သည် သဗ္ဗလုံးစုံအား အကောင်းမွန်ဆုံး ဖြစ်တည်စေတော်မူ၏။ လူသားကို မြေမှ စတင် ဖြစ်တည်စေ၏။ |
| ၈။ | **ثُمَّ جَعَلَ نَسْلَهُ مِن سُلَالَةٍ مِّن مَّاءٍ مَّهِينٍ**۞<br>ထို့နောက် ၎င်းမှ ညှစ်ထုတ်ရသော မျိုးစေ့ဖြစ်သော ရွံရှာဘွယ် ရေတစ်စက် အဖြစ် စီမံ၏။ |
| ၉။ | **ثُمَّ سَوَّاهُ وَنَفَخَ فِيهِ مِن رُّوحِهِ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ**۞ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ထို့နောက် ၎င်းအား ပုံပေါ်စေ၏။ အရှင်၏ ဥာဏ်စဉ်မှ သူ့အား သက်ဝင်စေ၍၊ သင်တို့အား ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်း ခံစားနိုင်စွမ်းကို စီမံပေး၏။ သို့သော အနည်းစုမှအပ ကျေးဇူးသိတတ်သူ မရှိချေ။[၈၀၁] |
| ၁၀။ | **وَقَالُوا أَئِذَا ضَلَلْنَا فِي الْأَرْضِ أَئِنَّا لَفِي خَلْقٍ جَدِيدٍ بَلْ هُم بِلِقَاءِ رَبِّهِمْ كَافِرُونَ۞**<br>သူတို့က "ကျွန်ုပ်တို့အား မြေကမ္ဘာမှ လွဲဖယ်ရပြီးနောက်၊ ကျွန်ုပ်တို့အား အသစ်တစ်ဖန် ဖြစ်တည်စေမည်လော၊" ဟု မေးကြ၏။ အမှန်မှာ သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို ဖုံးကွယ်မှောင်ချသူများ ဖြစ်ကြ၏။ |
| ၁၁။ | **قُلْ يَتَوَفَّاكُم مَّلَكُ الْمَوْتِ الَّذِي وُكِّلَ بِكُمْ ثُمَّ إِلَى رَبِّكُمْ تُرْجَعُونَ۞**<br>ဟောလော့ "သင်တို့အား ရံထားသော သေစေခြင်း စွမ်းအင်က သင်တို့အား ခန္ဓာကြွေစေသောအခါ၊ ထို့နောက် သင်တို့သည် ကံကြမ္မာရှင်၏ထံသို့ ဦးလှည့်ပြန်ခဲ့ရမည်ပင် ဖြစ်၏။ |
| ၁၂။<br>☆<br>၆း၂၈ | **وَلَوْ تَرَى إِذِ الْمُجْرِمُونَ نَاكِسُو رُؤُوسِهِمْ عِندَ رَبِّهِمْ رَبَّنَا أَبْصَرْنَا وَسَمِعْنَا فَارْجِعْنَا نَعْمَلْ صَالِحًا إِنَّا مُوقِنُونَ۞**<br>ရာဇဝတ်ကောင်များသည် ကံကြမ္မာရှင်၏ ထံတော်၌ ဦးခေါင်းများ ကျိုးကျလျှက် "အို ကံကြမ္မာရှင် တပည့်တော်တို့သည် မြင်ရပါပြီ၊ ကြားရပါပြီ၊ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံနိုင်အံ့ငှာ တပည့်တော်တို့အား လှည့်ပြန်စေတော်မူပါ၊ တပည့်တော်တို့ ဒိဋ္ဌမျက်မြင် ဖြစ်ပါပြီ၊" ဟု ဆိုကြသည်ကို သင်တို့ ဆင်ခြင်မိပါလေစ။☆ |
| ၁၃။<br>☆၂း၇၀<br>★၆း၁၀၀ | **وَلَوْ شِئْنَا لَآتَيْنَا كُلَّ نَفْسٍ هُدَاهَا وَلَكِنْ حَقَّ الْقَوْلُ مِنِّي لَأَمْلَأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِينَ۞**<br>ငါ၏ စံချိန်ပြည့်မှီခဲ့လျှင်၊☆ ဥာဉ်စရိုက်ကိုယ်စီအား လမ်းညွှန်ပေးလတ္တံ့၊ သို့ရာတွင် ငါ၏ မုက္ခပါတ်တော်သည် သစ္စာတစ်ရပ် ဖြစ်၏။ ငါသည် ပုတုဇဉ်နှင့်★ လူသားတို့ကို ငရဲဘုံ၌ အတူတကွ ဖြည့်တော်မူမည်ပင်။ |
| ၁၄။ | **فَذُوقُوا بِمَا نَسِيتُمْ لِقَاءَ يَوْمِكُمْ هَذَا إِنَّا نَسِينَاكُمْ وَذُوقُوا عَذَابَ الْخُلْدِ بِمَا كُنتُمْ تَعْمَلُونَ۞**<br>သင်တို့ မေ့ထားခဲ့သည့် ဤဆုံတွေ့ရမည့် နေ့ကာလကို မြည်းစမ်းလော့၊ သင်တို့အားလည်း ငါ မေ့ပစ်လိုက်ပြီ၊ သင်တို့ ကျင့်ကြံခဲ့သည့် အတိုင်း ဝဋ်ကြွေးဒဏ်အား ကာလမဲ့ မြည်းစမ်းလော့။ |
| ၁၅။ | **إِنَّمَا يُؤْمِنُ بِآيَاتِنَا الَّذِينَ إِذَا ذُكِّرُوا بِهَا خَرُّوا سُجَّدًا وَسَبَّحُوا بِحَمْدِ رَبِّهِمْ وَهُمْ لَا يَسْتَكْبِرُونَ۞**<br>ငါ၏ သုတ်ဒေသနာတော်များအား ယုံကြည်သူတို့သည်သာ သတိပေါ်ပေးသောအခါ၊ ရှိးကျိုး ဦးချကြ၏၊ သူတို့၏ ကံကြမ္မာရှင်အား ရည်သန်စူးစိုက်လျှက် ဦးထိပ်ထားကြ၏။ သူတို့သည် မာနကြီးနေသူများ မဟုတ်ချေ။ |

(၈၀၁) **نَفَخَ فِيهِ مِن رُّوحِهِ နဖခ ဖီးဟေ့ မင်း ရူးဟေဟီ** ဆိုသော စကားလုံးကို ဆရာတော်ကြီးအများစုက **သူ့အား အရှင်၏ ဝိဉာဉ်မှ အသက်သွင်းပေးသည်** ဟု ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုချက်မှာ လုံးဝ မှားယွင်းသော ပြန်ဆိုချက် ဖြစ်ပေသည်။ **ရူးဟ်** သည် အသက်ဝိဉာဉ် မဟုတ်ပေ။ စကြာဝဠာခပ်သိမ်းအတွင်းမှ အရာအားလုံးသည် သက်ရှိသတ္တဝါ၊ သက်ရှိဝတ္ထုများ ဖြစ်သည်ဟု ကျမ်းတော်၏ နေရာပေါင်းများစွာတွင် မကြာခဏ ပြဆိုပေသည်။ သို့သော် ကျမ်းတော်အရ ထိုသက်ရှိအားလုံးအနက် လူသားမှအပ **ရူးဟ်** ချီးမြှင့်ခံရသော သက်ရှိဟူ၍ မရှိပေ။ ထို့ကြောင့် အသက်ရှိခြင်းနှင့် **ရူဟ်** ချီးမြှင့်ခံရခြင်းသည် သီးခြား ဖြစ်ပေသည်။ **ရူးဟ်** အားချီးမြှင့်ခြင်းမှာ "ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်း၊ ခံစားနိုင်စွမ်း ရှိရန် အလို့ငှာ ဖြစ်သည်ဟု ဤသုတ်တော်တွင်ပင် အတိအကျ ဆိုထားပေသည်။ ထိုကြားနိုင်စွမ်း ဆိုသည်မှာ နားရွက်၊ မျက်လုံး၊ ခံစားမှု စိတ်တို့ကို ရည်ညွှန်းခြင်း မဟုတ်ပေ၊ ဆင်ခြင်နိုင်စွမ်းသော၊ အမှန်တရားကို မြင်နိုင်စွမ်းသော၊ ထိုးဖေါက်တွေးနိုင်စွမ်းသော ဂုဏ်သတ္တိများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ကျမ်းတော်၏ ၇း၁၇၉ တွင် **"သူတို့၌ မျက်လုံးများရှိ၏၊ ၎င်းဖြင့် သိမြင်စူးစမ်းမှုမရှိ။ သူတို့၌ နားများရှိ၏၊ ၎င်းဖြင့် ကြားနာမှတ်သားမှုမရှိ ကြချေ။ ထိုသူများသည် တိရိစ္ဆာန်များကဲ့သို့ဖြစ်၍ ထို့ထက်ပင် လွဲမှားနေကြ၏။"** ဟူသော အချက်က ထောက်ပြထားပေသည်။ ထို့ကြောင့် အမှန်တကယ် ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားအား **ပုံပေါ်စေ၏ သို့မဟုတ် ကိုယ်ထည်ပြည့်စုံ အသက်ဝင်ပြီးဖြစ်စေ၏၊ ထို့နောက် "ဉာဏ်" မှုတ်သွင်းသက်ဝင်စေ၏၊** ဟု ဖြစ်ပေသည်။ ထို့ကြောင့် လူသားသည် အခြားသတ္တဝါများထက် သာလွန်မြင့်မြတ်နေခြင်း ဖြစ်ပေသည်။ ၂း၈၇ တွင်ကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၆။<br><br>အိပ်ရာ | **تَتَجَافَى جُنُوبُهُمْ عَنِ الْمَضَاجِعِ يَدْعُونَ رَبَّهُمْ خَوْفًا وَطَمَعًا وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ**<br>သူတို့သည် သူတို့၏ **နံခင်းရာ**ကို စွန့်ထား၍ ကြောက်ရွံ့ခြင်း၊ မျှော်လင့်ခြင်းများဖြင့် သူတို့၏ ကံကြမ္မာရှင်၌ ဆုတောင်း ဝတ်ပြုကြ၏၊ သူတို့အား ရိက္ခာပေးရာမှ လှူဒါန်းပေးကမ်းကြ၏။ |
| ၁၇။ | **فَلَا تَعْلَمُ نَفْسٌ مَّا أُخْفِيَ لَهُم مِّن قُرَّةِ أَعْيُنٍ جَزَاءً بِمَا كَانُوا يَعْمَلُونَ**<br>သူတို့အတွက် ကွယ်ဝှက်နေသော၊ မျက်လုံး လန်းဆန်းစေရာကို သိသော စိတ်ဥာဉ်ဟူ၍ မရှိချေ။ ယင်းသည် သူတို့ ကျင့်ကြံခဲ့ရာ၏ အကျိုးဆက် ဖြစ်၏။ |
| ၁၈။ | **أَفَمَن كَانَ مُؤْمِنًا كَمَن كَانَ فَاسِقًا لَّا يَسْتَوُونَ**<br>ယုံကြည်ခြင်း၌ ရှိသူသည် ယုတ်မာခြင်း၌ ရှိသူကဲ့သို့ ဖြစ်သလော၊ တူညီကြသည်ကား မဟုတ်ချေ။ |
| ၁၉။ | **أَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ جَنَّاتُ الْمَأْوَى نُزُلًا بِمَا كَانُوا يَعْمَلُونَ**<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသူ၊ ထိုသူတို့အတွက် ခိုနားရာ ဥယျာဉ်ဘုံသည် ရှိနေ၏၊ သူတို့ကျင့်ဆောင် ခဲ့ခြင်းအတွက် ဖျော်ဖြေခံရမည်သာတည်း။ |
| ၂၀။ | **وَأَمَّا الَّذِينَ فَسَقُوا فَمَأْوَاهُمُ النَّارُ كُلَّمَا أَرَادُوا أَن يَخْرُجُوا مِنْهَا أُعِيدُوا فِيهَا وَقِيلَ لَهُمْ ذُوقُوا عَذَابَ النَّارِ الَّذِي كُنتُم بِهِ تُكَذِّبُونَ**<br>ယုတ်မာသောသူ၊ သူတို့အတွက် ခိုနားရာမှာ အပူမီးသာ ဖြစ်ချေ၏။ သူတို့သည် ထိုမှ လှည့်ပြေးလိုတိုင်း ၎င်းအထဲသို့ သာ ပြန်မောင်းသွင်းခြင်း ခံရ၍၊ သူတို့အား ပြောမည်မှာ “သင်တို့ ငြင်းဆန်ခဲ့သည့် အပူမီးဝဋ်ကြွေးအား မည်းစမ်းကြ လော့၊” ဟု ဖြစ်၏။ |
| ၂၁။ | **وَلَنُذِيقَنَّهُم مِّنَ الْعَذَابِ الْأَدْنَى دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ**<br>သူတို့ ဦးလှည့်ကြအံ့ငှာ၊ သူတို့အား ဝဋ်ကြွေးဒဏ်ကြီး အစား ပွတ်ကာသီကာ ဝဋ်ကြွေးများကို အရင်မြည်းစမ်းစေ၏။ |
| ၂၂။ | **وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ ثُمَّ أَعْرَضَ عَنْهَا إِنَّا مِنَ الْمُجْرِمِينَ مُنتَقِمُونَ**<br>ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများဖြင့် သတိပေးသောအခါ၊ နောက်လှည့်သွားသူထက် မည်သူက ပို၍ အဝိဇ္ဇာစီးနေ အံ့နည်း။ ငါ၏ တိကျသော တုန့်ပြန်မှုသည် ရာဇဝတ်ကောင်အတွက် ရှိနေ၏။ |
| ၂၃။ | **وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَلَا تَكُن فِي مِرْيَةٍ مِّن لِّقَائِهِ وَجَعَلْنَاهُ هُدًى لِّبَنِي إِسْرَائِيلَ**<br>ငါသည် မူဆာအား ကျမ်းတော်ကို ချီးမြှင့်၏။ ထို့ကြောင့် အရှင့်အား ဖူးတွေ့ရမည်ကို သို့လောသို့လော မဖြစ်လင့်၊ ငါ သည် ၎င်းကို ဂျူးလူမျိုးတို့အတွက် လမ်းညွှန်အဖြစ် စီမံတော်မူ၏။ |
| ၂၄။ | **وَجَعَلْنَا مِنْهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا لَمَّا صَبَرُوا وَكَانُوا بِآيَاتِنَا يُوقِنُونَ**<br>သူတို့သည် သီးခံပါရမီ ရှိသောအခါ၊ သူတို့မှ ခေါင်းဆောင်များ ခန့်အပ်၍ ငါ့ စီမံချက် အားဖြင့် လမ်းညွှန်တော်မူ၏။ သူ တို့သည် ငါ၏ သုတ်ဒေသနာများ၌ ဒိဋ္ဌယုံကြည်ခြင်း ရှိကြ၏။ |
| ၂၅။ | **إِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ**<br>ရပ်တည်မြဲမြံရသော နေ့ကာလ၌၊ ထို၌ သူတို့၏ ကွဲလွဲခဲ့မှုများအတွက် သင်၏ကံကြမ္မာရှင်က သူတို့ကြား၌ အဖြေမှန် ထုတ်ပေးတော်မူလတ္တံ့။ |
| ၂၆။ | **أَوَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ إِنَّ فِي ذَٰلِكَ لَآيَاتٍ أَفَلَا** |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | يَسْمَعُونَ۞ <br> သူတို့မတိုင်မီ မျိုးဆက်ပေါင်း မည်မျှကို တိမ်ကောပျက်စီးစေခဲ့ပြီနည်း၊ ထိုနေရာထိုင်ခင်းများ၌ သူတို့ လှည့်လည်သွားလာ နေကြပါလျက်၊ ၎င်းတွင် သူတို့အတွက် လမ်းညွှန်ချက် မရှိသလော၊ ကြားနာတတ်သူများအတွက် ယင်း၌ နိမိတ်လက္ခဏာရှိနေသည် မဟုတ်လော။[၁၀၂] |
| ၂၇။ | أَوَلَمْ يَرَوْا أَنَّا نَسُوقُ الْمَاءَ إِلَى الْأَرْضِ الْجُرُزِ فَنُخْرِجُ بِهِ زَرْعًا تَأْكُلُ مِنْهُ أَنْعَامُهُمْ وَأَنفُسُهُمْ أَفَلَا يُبْصِرُونَ۞ <br> ငါသည် ခြောက်သွေ့သယောင်းနေသော မြေသို့ မြစ်ချောင်းများကို ဖြတ်မောင်း၍၊ ၎င်းအားဖြင့် သီးနှံမျိုးစေ့များ ပေါက်ရောက်စေ၏။ ထိုမှ သူတို့ကိုယ်တိုင်နှင့် သူတို့၏ တိရိစ္ဆာန်များကို စားသုံးစေကြသည်ကို မဆင်ခြင်ကြသလော။ သူတို့၌ မြင်နိုင်စွမ်း မရှိကြသလော။ |
| ၂၈။ | وَيَقُولُونَ مَتَى هَذَا الْفَتْحُ إِن كُنتُمْ صَادِقِينَ۞ <br> ထို့ပြင် သူတို့က "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ မည်သည့်အခါ အောင်မြင်ရမည်နည်း၊" ဟု ပြောကြ၏။ |
| ၂၉။ | قُلْ يَوْمَ الْفَتْحِ لَا يَنفَعُ الَّذِينَ كَفَرُوا إِيمَانُهُمْ وَلَا هُمْ يُنظَرُونَ۞ <br> ဟောလော့ "အောင်မြင်သော နေ့ကာလ၌ ဖုံးကွယ်သောသူတို့၏ ယုံကြည်ခြင်းသည် သူတို့အား အကျိုးရှိစေမည် မဟုတ်၊ သူတို့အား စောင့်ကြည့်နေတော့မည်လည်း မဟုတ်ချေ။ |
| ၃၀။ | فَأَعْرِضْ عَنْهُمْ وَانتَظِرْ إِنَّهُم مُّنتَظِرُونَ۞ <br> သို့ဖြစ်၍ သူတို့မှ လှည့်ထွက်သွား၍၊ စောင့်ကြည့်နေလော့၊ သူတို့သည်လည်း စောင့်ကြည့်နေသူများ ဖြစ်ကြ၏။ |

(၁၀၂) ကျမ်းတော်တွင် ဤသုတ်တော် အပါအဝင် "ရှေး မျိုးဆက်ပေါင်း မည်မျှကို တိမ်ကောစေခဲ့ပြီနည်း၊" ဟူသော သုတ်တော်ပေါင်း များစွာ ပါဝင်ပေသည်။ ထိုသုတ်တော်များကို ဖေါ်ပြလေသမျှတွင် "သင်တို့သည် မဆင်ခြင်ကြသလော၊" ဟုလည်း မေးထားပေသည်။ ဆိုလိုသည်မှာ အစ္စလာမ် သာသနာဝင်တို့အား ရှေးမှ သမိုင်းကြောင်းများကို လေ့လာရန်၊ သုတေသနပြုလုပ်ရန်၊ တစ်စိုက်မတ်မတ် သတိပေး သွန်သင်နေပေသည်။ သာသနာရေး ပညာဆိုသည်မှာ ကျမ်းတော်မှ ညွှန်ကြားချက်များကို လိုက်နာ၍ စူးစမ်းလေ့လာခြင်းကို ခေါ်ဆိုပေသည်၊ အာရဗီစာပေ တတ်မြောက်ရန် လေ့လာခြင်း တစ်မျိုးတည်းကိုသာ သာသနာရေး ပညာဟု မခေါ်ဆိုအပ်ပေ၊ အစ္စလာမ်သာသနာဝင်မဟုတ်သော အာရဗ်များသည်လည်း အာရဗီစာပေအား တတ်မြောက်သည်ပင်၊ ထို့ကြောင့် အစ္စလာမ်သာသနာအား အမှန်တကယ် မြတ်နိုး တန်ဘိုးထားလျှင်၊ သမိုင်းသုတေသနများ ပြုလုပ်ခြင်း၊ သမိုင်းကြောင်းများကို ဖေါ်ထုတ်ခြင်း၊ ထိုသမိုင်းကြောင်းများမှာ မိမိကိုယ်တိုင်နှင့် နောင်လာနောက်သားများအတွက် သင်္ခန်းစာ ရှာဖွေခြင်းများသည် အလွန်အရေးကြီးလှပေသည်၊ ထိုအချက်ကို ဤသုတ်တော်ပါ "ထို၌ သင်တို့အတွက် လမ်းညွှန်ချက် မရှိသလော၊" ဟူသော ဆုံးမဝါကျက အတိအကျ ထောက်ပြထားပေသည်။ သမိုင်းဆိုသည်မှာ ကမ္ဘာ့လူ့သမိုင်း အားလုံးကို ဆိုလိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com